ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

အသက်အာမခံနည်းဥပဒေများ

မာတိကာ

အမှတ်စဉ်	**အကြောင်းအရာ**		**စာမျက်နှာ**
၁	နိဒါန်း	....	၂၅၁
၂	အခန်း (၁)	....	၂၅၃
	အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်		
၃	အခန်း (၂)	....	၂၅၁
	လစာအလိုက်ထားရမည့်အာမခံငွေ		
၄	အခန်း (၃)	.... —	၂၅၆
	အာမခံထားခြင်း		
၅	အခန်း (၄)	— —	၂၅၈
	ပေါ်လိစီအခွင့်အရေးများ		
၆	အခန်း (၅)	—	၂၆၀
	အာဇာနည်		

အသက်အာမခံနည်းဥပဒေများ

[၁၉၇၆ ခုနှစ်၊ မြန်မာ့လွှတ်တော်နည်းဥပဒေများ အမှတ် ၃၈]

နိဒါန်း

ဝန်ထမ်းများနှင့် အခြားပုဂ္ဂိုလ်များ အသက်အာမခံထားနိုင်စေရန် အလို့ငှါ မြန်မာ့လွှတ်တော်သည် အောက်ပါနည်းဥပဒေများကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို အသက်အာမခံနည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် အာမခံလုပ်ငန်းဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) **အဆိုပြုသူ** ဆိုသည်မှာ အသက်အာမခံ ထားလိုကြောင်း အဆိုပြုသူကို ဆိုသည်၊

(ခ) **အာမခံထားသူ** ဆိုသည်မှာ ဤနည်းဥပဒေများ အရ အသက်အာမခံထားသူကို ဆိုသည်၊

(ဂ) **ပေါ်လစီ** ဆိုသည်မှာ ပေးသွင်းသော ပရီမီယံကို အကြောင်းပြု၍ အသက်အာမခံ ပဋိညာဉ်စာချုပ်ကို ဆိုသည်၊

(ဃ) **ပရီမီယံ** ဆိုသည်မှာ အာမခံကြေးအဖြစ် ဈာလုံးတည်း သော်လည်းကောင်း၊ အရစ်ကျ သော်လည်းကောင်း ပေးသွင်းသောငွေကိုဆိုသည်၊

(c) **စာရင်းပိတ်ပေါ်လိစီ** ဆိုသည်မှာ သတ်မှတ်ထားသည့် နှစ်အတိုင်း ပရီမီယံပေးသွင်းပြီး၍ အတည်ဖြစ်ပြီးနောက် ပရီမီယံဆက်လက်ပေးသွင်းရန်မလိုသော ပိတ်ထားသည့် ပေါ်လိစီကိုဆိုသည်၊

(စ) **အမ်းငွေ** ဆိုသည်မှာ သတ်မှတ်ထားသည့် နှစ်အတိုင်း ပရီမီယံပေးသွင်းပြီး၍ အတည်ဖြစ်ပြီးသောပေါ်လိစီတခု ပေါ်တွင် အကျိုးခံစားခွင့်မျာ.ကို စွန့်လွှတ်သည့် အတွက် အာမခံ ထားသူအား လက်ငင်း ပြန်အမ်းသောငွေကို ဆိုသည်၊

(ဆ) **တန်ဘိုးလျှော့** ဆိုသည်မှာ ပေါ်လိစီသက်တမ်း မစေ့မီ ထုတ်ယူလိုလျှင် အာမခံတန်ဘိုးကိုလျှော့၍ အာမခံထား သူအား ထုတ်ပေးသောငွေကိုဆိုသည်၊

(ဇ) **ဆရာဝန်** ဆိုသည်မှာ အဆိုပြုသူကို ဆေးစစ်သော မှတ်ပုံတင်ရပြီး ဆရာဝန်ကိုဆိုသည်၊

(စျ) **လစာ** ဆိုသည်မှာ ဝန်ထမ်းတဦးရရှိသည့် အပိုစရိတ် ကြေးငွေမပါသော လစာလုပ်ခကိုဆိုသည်၊

(ည) **ဝန်ထမ်း** ဆိုသည်မှာ စစ်သည်မှအပ နိုင်ငံတော်၏ဝန်ထမ်း အဖွဲ့အစည်းတွင် တာဝန်ထမ်းဆောင်နေသူကို ဆိုသည်။

အပိုင်း (၂)

ထစာအလိုက်ထားရမည့်အာမခံငွေ

၃။ ဝန်ထမ်းတဦးသည် အနည်းဆုံး ပေါ်လစီတခု ထားရှိရမည်။ တခုထက်ပိုရှိလည်း ထားရှိနိုင်သည်။ သို့ဆုတွင် လစဉ်ပေးသွင်းရမည့် ပရီမီယံသည် လစာ၏ တစ်ဆယ့်ငါးရာခိုင်နှုန်းထက် မကျော်လွန်စေရ။ ဝန်ထမ်းတဦး၏ လစာအလိုက် အနည်းဆုံးထားရမည့် အာမခံငွေသည် အောက်ဇယားပြပါအတိုင်း ဖြစ်သည်—

(က) လစာကျပ် ၅၀၀ မှအောက် ... ကျပ် ၈၀၀၀
(ခ) လစာကျပ် ၄၀၀ မှ ၅၀၀ အထိ .... ကျပ် ၇၀၀၀
(ဂ) လစာကျပ် ၃၀၀ မှ ၄၀၀ အထိ .... ကျပ် ၆၀၀၀
(ဃ) လစာကျပ် ၂၀၀ မှ ၃၀၀ အထိ .... ကျပ် ၄၀၀၀
(င) လစာကျပ် ၁၀၀ မှ ၂၀၀ အထိ .... ကျပ် ၁၀၀၀

၄။ အာမခံထားသူ၏လစာ တိုးလာပါက နည်းဥပဒေ ၃ ပါသတ်မှတ်ချက်များနှင့်အညီ ထပ်တိုးအာမခံထားရှိရမည်။

၅။ အာမခံထားသူသည် လစာလျှော့ခြင်းခံရသဖြင့် ပေးသွင်းနေကျ ပရီမီယံကို ဆက်လက်မပေးသွင်းနိုင်လျှင် လစာနှင့်အချိုးကျသည့်အာမခံငွေကို လျှော့နိုင်သည်။ လျှော့လိုလျှင် မူလအာမခံငွေထဲမှ လျှော့ငွေကို စာရင်းပိတ်ပေါ်လစီအဖြစ် ပြောင်းလဲနိုင်သည်၊ သို့မဟုတ် အမ်းငွေကို ထုတ်ယူနိုင်သည်။

အခန်း (၃)

အာမခံထားခြင်း

၆။ အာမခံထားသူသည် အသက်အာမခံထားရန် အဆိုပြုသောအခါ သင်္ဘောမှတ်ထားသော အဆိုလွှာတွင် လိုအပ်ချက်များကိုရေးသွင်း၍ ကိုယ်တိုင် လက်မှတ်ရေးထိုးရမည်။ စာမတတ်ခဲ့သော် အခြားသူတယောက်အား မိမိကိုယ်စား ရေးသွင်းစေပြီး အဆိုပြုသူ၏ လက်ဝဲလက်မပုံစံ နှိပ်ရမည်။ ယင်းအဆိုလွှာပေါ်တွင် သက်ဆိုင်သည့် တာဝန်ရှိသူက ထပ်ဆင့်လက်မှတ်ရေးထိုးရမည်။

၇။ လစာတာဝန်ခံအရာရှိသည် အာမခံထားသူပေးသွင်းရမည့် ပရီမီယံကို လစဉ် လစာ စာရင်းမှနုတ်ယူပြီးလျှင် ကော်ပိုရေးရှင်းသို့ လချင်းစာရင်းလွှဲပြောင်းပေးသွင်းရမည်။

၈။ (က) ပေါ်လစီစတင်သည့်အချိန်တွင် အဆိုပြုသူ၏အသက်သည် လာမည့်မွေးနေ့တွင် ပြည့်မည့်အသက်ဖြစ်သည်၊

(ခ) အဆိုပြုသူသည် အဆိုလွှာတင်သွင်းသည့်အခါ အဆိုလွှာနှင့် အတူ အသက် မှန်ကန်ကြောင်း ယင်း၏ အမှုထမ်း စာအုပ်မှ ကောက်နုတ်ချက်မိတ္တူတစောင်ကိုပါ သက်ဆိုင်ရာ အရာရှိ၏ အတည်ပြုချက်ဖြင့် တင်သွင်းရမည်။

၉။ အာမခံထားသူသည် အသက်အာမခံထားရန် အဆိုပြုသောအခါ ဆရာဝန်၏ ဆေးစစ်ထောက်ခံချက်ပါရှိရမည်။ သို့ရာတွင်အဆိုပြုသူသည် ဝန်ထမ်းဖြစ်လျှင် အာမခံငွေကျပ် ၁၀၀၀၀ အထိ ဆေးစစ်ရန်မလို။

၁၀။ အာမခံ ထားရသေးသော အသက်ငါးဆယ် ပြည့်ပြီးသည့် ဝန်ထမ်းအား ဤနည်းဥပဒေများအရအာမခံထားခြင်းမှ ကင်းလွတ်ခွင့် ပြုသည်။

အခန်း (၄)

ပေါ်လိစီ အခွင့်အရေးများ

၁၁။ , , မိမိအစိုးမရနိုင်သောအကြောင်းကြောင့် လစာငွေထုတ်ရန် ပျက်ကွက်သောဝန်ထမ်းတဦး၏ ပေါ်လိစီမပျက်စေရ။ ပေးသွင်းရမည့် ဗရီမီယံကို ယင်းထုတ်ယူမည့်လစာငွေမှ နုတ်ယူပေးသွင်းရမည်။

၁၂။ ဝန်ထမ်းက ပေးသွင်းရမည့် ဗရီမီယံ ၄ ရာခိုင်နှုန်းကို ထည့်ဝင်ငွေအဖြစ်ကော်ပိုရေးရှင်းကပေးသွင်းရမည်။

၁၃။ ဝန်ထမ်းတဦး၏ ပေါ်လိစီ၊ သို့မဟုတ် ပေါ်လိစီများ အချိန်မစေ့မီ ဝန်ထမ်းအဖြစ်မှ ရပ်စဲခဲ့လျှင် အောက်ပါတို့မှ ကြိုက်ရာနည်းကို ရွေးချယ်နိုင်သည်—

(က) အခြားပုဂ္ဂိုလ်များ ဗရီမီယံပေးသွင်းသကဲ့သို့ ဆက်လက်ပေးသွင်းခြင်း၊

(ခ) စာရင်းပိတ်ပေါ်လိစီအဖြစ်ပြောင်းလဲခြင်း၊

(ဂ) အမ်းငွေကိုရယူခြင်း၊

(ဃ) တန်ဘိုးလျှော့ငွေကိုထုတ်ယူခြင်း။

၁၄။ ပေါ်လီခိတခုလျှင် အစ်းငွေ၏ ကိုးဆယ့်ငါး ရာခိုင်နှုန်းအထိ ကော်ဗိုခရားရှင်းက ငွေထုတ်ချေးနိုင်သည်။

၁၅။ ပေါ်လီခိသက်တမ်း ဧေသည့်အခါ အာမခံထားသူအား လည်းကောင်း၊ အာမခံထားသူ သေဆုံးသွားသည့်အခါတွင် ယင်းပုဂ္ဂိုလ်၏ ဆက်ခံပိုင်ခွင့်ရှိသူအား လည်းကောင်း ရသင့်ရထိုက်ဆောင်ငွေကို ထုတ်ပေးရမည်။

အခန်း (၅)

အထွေမတွေ

၁၆။ အောက်ပါတို့ကို နိုင်ငံတော်၏ စီးပွားရေးနှင့် ဘဏ္ဍာရေးမူများ နှင့်အညီ ကော်ပိုရေးရှင်းက သတ်မှတ်ရမည်—

(က) အာမခံ ထားသည့်အတွက် ပေးရမည့် နှစ်စဉ် ပရီမိယံနှုန်းများ၊

(ခ) ဘေးအန္တရာယ်ရှိသောအလုပ်ကို အကြောင်းပြုရှိ ပေးရမည့် အပိုပရီမိယံနှုန်းများ၊

(ဂ) ကျန်းမာရေးကို အကြောင်းပြုရှိ ပေးရမည့် အပိုပရီမိယံနှုန်းများ၊

(ဃ) ပေါ်လီစီတခုအတွက်အမ်းငွေများ၊

(င) ပေါ်လီစီချေးငွေအပေါ်အတိုးနှုန်းများ၊

(စ) ပေါ်လီစီတန်ဘိုးလျော့ငွေများ။

၁၇။ ပေါ်လီစီ ပျောက်ဆုံးလျှင် ကော်ပိုရေးရှင်းသို့ အမြန်ဆုံး အကြောင်းကြားရမည်။ ကော်ပိုရေးရှင်းကသတ်မှတ်ထားသော စည်းကမ်း နှင့်အညီ မိတ္တူထုတ်ပေးရမည်။

၁၈။ အာမခံထားသူသည် အကျိုးခံစားခွင့်ရှိသူကို ပြောင်းလဲသတ်မှတ်လိုလျှင် ကော်ပိုရေးရှင်းက သတ်မှတ်ထားသော စည်းကမ်းနှင့် အညီ ပြောင်းလဲခွင့်ရှိသည်။

၁၉။ ပေါ်လီစီနှင့် စပ်လျဉ်း၍ အခွင့်အရေးများ၊ စည်းကမ်းချက်များကို ရှိရင်းစွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကော်ပိုရေးရှင်းက သတ်မှတ်နိုင်သည်။

၂၀။ ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်တခုခုကို လိုက်နာရန် ပျက်ကွက်သည့်အတွက် ပေါ်လီစီ ပျက်ခြင်း၊ အခွင့်အရေး ဆုံးရှုံးခြင်းကိုတင်ပြပါက ကော်ပိုရေးရှင်းသည် လိုအပ်သော စုံစမ်းစစ်ဆေးမှုကို ပြုလုပ်၍ ရှိရင်းစွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။